မုအ်မင်န် အမျိုးသား၊ အမျိုးသမီးသည် မိမိတို့၏ အသက်၊သားသမီးနှင့် ဥစ္စာပစ္စည်းများတွင်

အခက်အခဲဒုက္ခစမ်းသပ်မှုများကို အမြဲတစေ

ကြုံတွေ့နေရမည်ဖြစ်သည်။ နောက်ဆုံးတွင် သူသည်

အလ္လာဟ်အရှင်မြတ်ထံ အပြစ်မရှိတော့သည့် အခြေအနေဖြင့်လာရောက်တွေ့ဆုံရလေသည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသ
ည်။ "မုအ်မင်န် အမျိုးသား၊ အမျိုးသမီးသည် မိမိတို့၏ အသက်၊ သားသမီးနှင့်
ဥစ္စာပစ္စည်းများတွင် အခက်အခဲဒုက္ခစမ်းသပ်မှုများကို အမြဲတစေ
ကြုံတွေ့နေရမည်ဖြစ်သည်။ နောက်ဆုံးတွင် သူသည် အလ္လာဟ်အရှင်မြတ်ထံ
အပြစ်မရှိတော့သည့် အခြေအနေဖြင့် လာရောက်တွေ့ဆုံရလေသည်။"
[حسن] [رواه الترمذي وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ "မုအ်မင်န်သင်ဝင်ယုံကြည်သူ အမျိုးသား၊ အမျိုးသမီးတို့သည်ဘေးဒုက္ခများနှင့်စမ်းသပ်အမျိုးမျိုးကို အစဉ်မပြတ်ခံစားရပေသည်။ ဥပမာမိမိတို့၏ကိုယ်ခန္ဓာတွင် နာမကျန်းဖြစ်ခြင်း၊ မိမိတို့၏သားသမီးများတွင်ဖျားနာခြင်း၊ ကွယ်လွန်ခြင်း၊ သားသမီးတို့က မိဘအမိန့်ကို မနာခံခြင်း၊ သိုမဟုတ်ပစ္စည်းဥစ္စာဆင်းရဲခြင်း၊ ကုန်ရောင်းကုန်ဝယ်ပြုရာတွင် နစ်နာဆုံးရှုးခြင်း၊ခိုးဝှက်ခံရခြင်း၊ အသက်မွေးဝမ်းကြောင်းပြုရာ၌ကျပ်တည်းမှုကို ခံစားရခြင်း၊ရိုဇီရိက္ခာကျပ်တည်းခြင်း စသည်တိုအား အစဉ်အမြဲခံစားကြရပေသည်။ဤသိုဘေးဒုက္ခများခံစားရသောကြောင့် အရှင်မြတ်သည်ယင်းမုအ်မင်န်တို၏အပြစ်အကုသိုလ်အားလုံးကို ခွင့်လွှတ်လိုက်လေရာ ယင်းမုအ်မင်န်သည်ကျူးလွန်ခဲ့သည့်အပြစ်အကုသိုလ်များအားလုံးမှ သန့်ပြန့်စင်ကြယ်သွားသည့်အနေအထားဖြင့်အလ္လာဟ်အရှင်မြတ်နှင့်တွေ့ဆုံခွင့်ရသွားသည်။

http://www.sunnah.global/hadeeth/my/show/3159